စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

ဟဲဟိုးမျိုးသန့်ခြံ

ဟဲဟိုးမြို့

# လက်ချားမြေဩဇာဖျန်းခြင်းဖြင့်
# နေကြာသီးနှံအစေ့အဆန်ပြည့်ဝမှုအားစမ်းသပ်ခြင်း

ဒေါ်ဝင်းမို
ဒု-လက်ထောက်ဦးစီးမှူး
ဟဲဟိုးမျိုးသန့်ခြံ

၄.၃.၂၀၂၂

# နိဒါန်း

- မြန်မာနိုင်ငံတွင် နှစ်စဉ် လူဦးရေတိုးနှုန်းနှင့်အညီ တိုးတက်မြင့်မားသည့် စားသုံးမှုပမာဏအတွက် သီးနှံထုတ်လုပ်မှုကို ပိုမိုတိုးတက်စေရန် ဆောင်ရွက်ရပါမည်။
- ဆီဖူလုံရေးအတွက် နေကြာသီးနှံသည် အရေးကြီးသီးနှံ ဖြစ်ပါသည်။
- နေကြာပန်းပွင့်ရှိ အစေ့အဆန်ပြည့်ဝစေခြင်းဖြင့် ဆီထွက်ရာနှုန်း တိုးမြှင့်စေနိုင် ပါသည်။

# ရည်ရွယ်ချက်

- နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်
- နေကြာပန်းပွင့်ချိန်တွင် လက်ချားမြေသြဇာဖျန်းခြင်းဖြင့် အစေ့အဆန်ပြည့်ဝစေရန်
- အစေ့အဆန်ပြည့်ဝစေခြင်းဖြင့် ဆီထွက်ရာနှုန်း တိုးမြှင့်စေရန်

# စမ်းသပ်ကွက်ဆောင်ရွက်ရသည့် အကြောင်းအရင်း

- ရှမ်းပြည်နယ်တွင် ဆောင်းသီးနှံအဖြစ် ဆီထွက်သီးနှံများဖြစ်သော ပန်းနှမ်း၊ ဆီမုန်လာစိုက်ပျိုးရာမှ ယခုအခါတွင် အကျိုးအမြတ်များသော နေကြာသီးနှံအား တိုးချဲ့စိုက်ပျိုးလျက်ရှိ
- အကယ်၍ ဆီထွက်နှုန်း ပို၍တိုးမြင့်လာစေခြင်းဖြင့် မိသားစု ဆီဖူလုံမှုအပြင် ဈေးကွက်တိုးချဲ့မည့် အခွင့်အလမ်း ရရှိနိုင်ခြင်း
- လက်ချားမြေဩဇာသုံးခြင်းဖြင့် နေကြာသီးနှံ အစေ့အဆန် ပြည့်ဝမှုကို သိရှိနိုင်ရန်

# ဆောင်ရွက်ခဲ့သည့် ပုံစံ

- စမ်းသပ်သည့်မျိုး - ဆင်းရွှေကြာ(၂) (OP) မျိုး
- စိုက်စနစ် - ၃၀ လက်မ × ၆ လက်မ
- စမ်းသပ်ကွက်အကျယ်အဝန်း - (၀.၅၀) ဧက
- စမ်းသပ်ကွက်(၁)ခုလျှင် (၀.၂၅)ဧက
- စမ်းသပ်သည့် ဒီဇိုင်း - ရိုးရိုး
- စမ်းသပ်ချက်များ (၁)နေကြာပန်းပွင့်ချိန်တွင် ဘိုရွန် (လက်ချား) (၁၅)ဂရမ်/လီတာဖျန်းခြင်း

  (၂)နေကြာပန်းပွင့်ချိန်တွင် ရေဖျန်းခြင်း

# စမ်းသပ်ကွက်တွင် သွင်းအားစုများထည့်သွင်းခဲ့သည့် အခြေအနေနှင့် ဆောင်ရွက်ချက်များ

- စိုက်ရက် - ၁၄.၁၀.၂၀၂၁
- ရိတ်သိမ်းရက် - ၉.၂.၂၀၂၂
- မြေဩဇာထည့်သွင်းမှု - မြေခံမြေဩဇာ(၁၅)ပတ်လည် (၅၀)ကီလို/ဧက
- စိုက်ပျိုးပြီး(၃၀)ရက်သားတွင် - ယူရီးယား (၂၅)ကီလို/ဧက
- လက်ချားဖျန်းသည့်ရက် - ၂၉.၁၂.၂၀၂၁ (ပန်းပွင့်ချိန်)

# စစ်တမ်းကောက်ယူခဲ့သည့်အချက်များ

၁။ ၁မီတာပတ်လည်ရှိအပင်ဦးရေ

၂။ တစ်ပွင့်အချင်း(စင်တီမီတာ)

၃။ တစ်ပွင့်ရှိအစေ့ပေါင်း

၄။ အောင်စေ့ပေါင်း

၅။ အစေ့ (၁၀၀၀) အလေးချိန်(ဂရမ်)

ရိတ်သိမ်းချိန်တွင်စစ်တမ်းကောက်ယူခဲ့ပြီး Statistic version8.0 အသုံးပြု၍ အချက်အလက်များအား စစ်ဆေးခဲ့ပါသည်။

# ရရှိခဲ့သောမိုးရေချိန်နှင့်အပူချိန်

| စဉ် | လအမည် | မိုးရေချိန် | | အပူချိန် ($^{0}C$) | |
|---|---|---|---|---|---|
| | | ရက် | လက်မ | အနိမ့်ဆုံး | အမြင့်ဆုံး |
| ၁။ | အောက်တိုဘာလ | ၇ | ၂.၀၅ | ၁၅.၄ | ၃၀.၈ |
| ၂။ | နိုဝင်ဘာလ | ၂ | ၀.၆၃ | ၉.၂ | ၃၀.၆ |
| ၃။ | ဒီဇင်ဘာလ | | | ၂.၆ | ၂၉.၄ |
| ၄။ | ဇန်နဝါရီလ | ၁ | ၀.၇၁ | ၁.၀ | ၂၈.၆ |
| ၅။ | ဖေဖော်ဝါရီလ | ၁ | ၀.၁၂ | ၀.၀ | ၃၀.၈ |
| | **စုစုပေါင်း** | ၁၁ | ၃.၅၁ | ၅.၆၄ | ၃၀.၀ |

# တွေ့ရှိချက်များ

| စဉ် | စမ်းသပ်ချက်များ | တစ်မီတာပတ်လည်ရှိ | | | | | |
|---|---|---|---|---|---|---|---|
| | | အပင်ဦးရေ | အပွင့်အချင်း (စင်တီမီတာ) | တစ်ပွင့်ရှိ အစေ့ပေါင်း | အောင်စေ့ပေါင်း | အစေ့(၁၀၀၀) အလေးချိန် (ဂရမ်) | အထွက်နှုန်း (ဂရမ်/စတုရန်း မီတာ) |
| ၁။ | စမ်းသပ်ချက်(၁) | | | | | | |
| (၁) | | ၆ | ၂၀.၅ | ၈၇၉ | ၈၀၁ | ၆၅ | ၃၂၀ |
| (၂) | | ၅ | ၁၇.၀ | ၈၈၄ | ၇၇၈ | ၆၀ | ၂၃၅ |
| (၃) | | ၅ | ၁၈.၄ | ၈၆၈ | ၇၀၄ | ၆၈ | ၂၁၂ |
| (၄) | | ၆ | ၂၁.၄ | ၈၄၈ | ၇၆၁ | ၆၃ | ၂၂၀ |
| (၅) | | ၅ | ၂၁.၈ | ၈၇၁ | ၇၇၃ | ၆၀ | ၁၉၅ |
| ၂။ | စမ်းသပ်ချက်(၂) | | | | | | |
| (၁) | | ၆ | ၁၆.၆ | ၇၇၈ | ၆၃၈ | ၅၈ | ၁၅၀ |
| (၂) | | ၆ | ၁၅.၀ | ၇၃၅ | ၄၇၉ | ၆၀ | ၂၃၀ |
| (၃) | | ၅ | ၁၅.၈ | ၇၂၄ | ၅၆၀ | ၆၀ | ၁၃၅ |
| (၄) | | ၆ | ၁၆.၀ | ၈၂၄ | ၆၀၅ | ၅၈ | ၁၇၀ |
| (၅) | | ၆ | ၁၅.၉ | ၆၂၈ | ၄၈၉ | ၆၀ | ၁၇၅ |

# စာရင်းအင်းဇီဝနည်းပညာဖြင့်တွက်ချက်မှုရလာဒ်

| စဉ် | စမ်းသပ်ချက်များ | တစ်မီတာပတ်လည်ရှိ | | | | | |
|---|---|---|---|---|---|---|---|
| | | အပင်ဦးရေ | အပွင့်အချင်း (စင်တီမီတာ) | တစ်ပွင့်ရှိ အစေ့ပေါင်း | အောင်စေ့ ပေါင်း | အစေ့(၁၀၀၀) အလေးချိန် (ဂရမ်) | အထွက်နှုန်း (ဂရမ်/စတုရန်းမီတာ) |
| ၁။ | စမ်းသပ်ချက် (၁) | ၅.၄a | ၁၉.၈a | ၈၇၀.၀a | ၇၆၃.၄a | ၆၃.၂a | ၂၃၆.၄a |
| ၂။ | စမ်းသပ်ချက် (၂) | ၅.၈a | ၁၅.၉b | ၇၃၇.၈b | ၅၅၄.၂b | ၅၉.၂a | ၁၇၂.၀a |
| | C.V | ၆.၉ | ၆.၇ | ၇.၀ | ၈.၁ | ၄.၄ | ၂၂.၆ |
| | $LSD_{0.05}$ | ၀.၇ | ၂.၁ | ၉၈.၉ | ၉၄.၀ | ၄.၇ | ၈၁.၀ |

မှတ်ချက်။ စမ်းသပ်ချက် (၁)– လက်ချား ၁၅ဂရမ်/လီတာဖျန်းခြင်း

စမ်းသပ်ချက် (၂) – ရိုးရိုးရေဖျန်းခြင်း

# တွေ့ရှိချက်

- လက်ချားမြေဩဇာရည်ဖျန်းသောစမ်းသပ်ကွက်သည်မဖျန်းသည့်စမ်းသပ်ကွက်ထက် အပွင့်အချင်း၊ တပွင့်ရှိအစေ့ပေါင်းနှင့် တပွင့်ရှိအောင်စေ့ပေါင်းများသည်ကို တွေ့ရှိရပါသည်။
- လက်ချားမြေဩဇာရည်ဖျန်းသော စမ်းသပ်ကွက်သည် တစ်ဧကအထွက်နှုန်း (၂၃.၂) တင်း ထွက်၍ မဖျန်းသည့် စမ်းသပ်ကွက်တွင် (၁၇.၆)တင်းထွက်ရှိပြီး အထွက်နှုန်း (၅.၆)တင်းပိုပါသည်။
- ထို့ကြောင့်နေကြာသီးနှံ (OP)မျိုးတွင် နေကြာအစေ့အဆန် ပြည့်ဝရန်အတွက် လက်ချားမြေဩဇာ ၁၅၇ရမ်/လီတာ အားပန်းပွင့်ချိန်တွင် ဖျန်းသင့်ပါသည်။

# သုံးသပ်အကြံပြုချက်

- တောင်သူအများစုသည် ဆီဖူလုံစေရေးအတွက် နေကြာသီးနှံကို ပို၍စိုက်ပျိုးလာကြပြီ ဖြစ်ပါသည်။
- ယခင် ကြဲပက်စိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးခဲ့ရာမှ ယခုအခါ အတန်းလိုက် စိုက်ပျိုးခြင်းဖြင့် ပေါင်းရှင်းမြေဩဇာကျွေးခြင်းစနစ်တကျဆောင်ရွက်၍ အထွက်နှုန်း များခြင်းကိုလက်တွေ့ကျင့်သုံးကြပါသည်။
- အစေ့အဆန်ပြည့်ဝပြီးဆီထွက်နှုန်းပိုစေရန်အတွက်အကုန်အကျသက်သာ၊ဝယ်ယူရန် လွယ်ကူပြီး နေကြာပန်းပွင့်ချိန်တွင် တစ်ကြိမ်သာဖျန်းရသော လက်ချားဖျန်းခြင်းကို ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

# စမ်းသပ်ကွက် လက်ချားနှင့်ရေဖျန်းမှုမှတ်တမ်း











# စမ်းသပ်ကွက် ရိတ်သိမ်းမှုမှတ်တမ်း








# စမ်းသပ်ကွက် မှတ်တမ်း




လမ်းညွှန်မှုကို ခံယူအပ်ပါသည်။